တရားမပုံစံအမှတ် - ၆၂။

လှိုင်မြို့နယ် တရားမရုံးတော်၌

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၊ ၆ ။

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၊ ၁၃ ရက် ။

Good Brothers' Co.Ltd နှင့် ဦးမူတူး

(ကုမ္ပဏီ၏ကိုယ်စားလှယ်စာရသူ ဦးပြည့်စုံဦး)

တရားလိုအတွက် - ဒေါ်ခင်စိုးသွယ် (အထက်တန်းရှေ့နေ)

တရားပြိုင်အတွက် - -

## စီရင်ချက်

အမှုမှာ တရားလို Good Brothers' Co.,Ltd (ကုမ္ပဏီ၏ ကိုယ်စားလှယ်စာရသူ ဦးပြည့်စုံဦး)မှ တရားပြိုင် ဦးမူတူးအပေါ် စက်ပစ္စည်းဖိုးကြွေးငွေ ၄၆၃၅၆၉၀/- ကျပ် ရလိုကြောင်း စွဲဆိုသော အမှုဖြစ်သည်။

အမှုတွင် တရားပြိုင် ဦးမူတူးထံ ငြင်းချက်ထုတ်ရန် သမ္မာန်စာအား (၅.၃.၂၀၁၉)ရက်နေ့တွင် တစ်ကြိမ် ထုတ်ဆင့်ခဲ့ရာ ရာအိမ်မှူးဦးချစ်ဝေ၏ရှေ့တွင် ဦးမူတူးနေအိမ်၌ ကပ်ထားအတည်ပြုထားကြောင်း သမ္မာန်စာ ပြန်သွင်းခြင်း၊ ဒုတိယအကြိမ် ထုတ်ဆင့်သော (၁၉.၆.၂၀၁၉) သမ္မာန်စာအား တရားပြိုင်ဦးမူးတူးကိုယ်တိုင် လက်ခံရယူကြောင်း ပြန်လည်တင်ပြပြီး ရုံးတော်သို့ လာရောက်ခြင်းမရှိသည်ကို တွေ့ရှိရသဖြင့် ရုံးတော်မှ တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်းဥပဒေ ၆(၁)(က) အရ တရားပြိုင်၏မျက်ကွယ်တွင် အမှုအား ဆက်လက်စစ်ဆေးဆောင်ရွက်ခဲ့သည်။

တရားလို၏အဆိုလွှာတွင် Good Brothers' Co.,Ltd သည် လယ်ယာသုံးစက်ပစ္စည်းအမျိုးမျိုး၊ ဆက်စပ်အပိုပစ္စည်းအမျိုးမျိုးနှင့် မြေသြဇာအမျိုးမျိုးတို့ကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ရုံးခွဲများဖွင့်၍ လက်လီ၊ လက္ကားဖြန့်ဖြူးရောင်းချပေးနေသော ကုမ္ပဏီကြီးတစ်ခုဖြစ်ကြောင်း၊ တရားလို ဦးပြည့်စုံဦးသည် ရုံးတော်တွင် ကုမ္ပဏီကိုယ်စား တရားလိုပြုလုပ်ဆောင်ရွက်နိုင်ရန် (၅.၂.၂၀၁၉)ရက်စွဲပါ ကုမ္ပဏီအစည်းအဝေးမှတ်တမ်းနှင့် ကုမ္ပဏီကိုယ်စားလှယ်လွှဲစာတို့ဖြင့် လွှဲအပ်ခံရသူဖြစ်ကြောင်း၊ တရားပြိုင်သည် GBS ကုမ္ပဏီ(ရန်ကုန်အရောင်းခန်းမ)သို့ စက်ပစ္စည်းဝယ်ယူရန် လာရောက်စုံစမ်းခဲ့ပြီး၊ GBS ကုမ္ပဏီမှရောင်းချသော လေးဘီးထွန်စက်အား မြန်မာနိုင်ငံသားများဘဏ် (ဘုရင့်နောင်ဘဏ်ခွဲ)ဖြင့်ချိတ်ဆက်၍ (၁၅.၁၁.၂၀၁၇)နေ့တွင် အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့ပြီး တရားပြိုင်မှ စက်ပစ္စည်းအား လက်ရောက်ရယူသွားခဲ့ကြောင်း၊ တရားပြိုင်ဝယ်ယူခဲ့သော လေးဘီးထွန်စက်တန်ဖိုးမှာ(၃၀၉၅၀၀၀၀/-) ဖြစ်ပြီး ဘဏ်သို့ ကနဦးသွင်းငွေအဖြစ် စက်ပစ္စည်းတန်းဖိုး၏ ၂၀% ဖြစ်သော (၆၁၉၀၀၀၀/-)+ကျသင့်ဘဏ်တိုးငွေ+ Service Charges စုစုပေါင်းသွင်းငွေ(၁၀၈၃၂၅၀၀/-) ကိုပေးသွင်းခဲ့ပြီး ကျန်ငွေအား ၁ ရစ်လျှင် (၆၁၉၀၀၀၀/-)ဖြင့် (၆)လတစ်ကြိမ်၊ (၄)ရစ်ဖြင့် (၂)နှစ်ကြာ ပေးသွင်းသွားရန်ဖြစ်ကြောင်း၊ စက်ပစ္စည်းဝယ်ယူပြီး (၆)လပြည့်မြောက်၍ ပထမအရစ်ငွေပေးသွင်းရမည့်အချိန်တွင် တရားပြိုင်မှ ပေးသွင်းခြင်း မရှိသဖြင့်၊ ကုမ္ပဏီဝန်ထမ်းမှ ၎င်းထံဆက်သွယ်၍ စက်ပစ္စည်းဖိုးငွေများပေးသွင်းရန် တောင်းခဲ့သည့်အခါ တရားပြိုင်မှ အဆိုပါစက်ပစ္စည်းအား ဆက်လက်အသုံးပြုရန် ဆန္ဒမရှိတော့သဖြင့်စက်ပစ္စည်းအားပြန်လည်ပေးအပ်လိုကြောင်းနှင့် စက်ပစ္စည်းဖိုးကွာဟငွေများလည်းပေးသွင်းမည်ဖြစ်ကြောင်း ပြောဆို၍ (၇.၈.၂၀၁၈)ရက်စွဲပါ ဝန်ခံကတိစာချုပ်ချုပ်ဆို၍ စက်ပစ္စည်းအားပြန်လည်အပ်နှံခဲ့ကြောင်း၊ တရားပြိုင်ပြန်လည်အပ်နှံခဲ့သည့် စက်ပစ္စည်းအား တန်ဖိုးတွက်ချက်ရာ တရားပြိုင်မှ စက်ပစ္စည်းအား နာရီ(၈၂၀)အသုံးပြုပြီးဖြစ်၍ စက်ပစ္စည်းမျက်မြင်အခြေအနေအား တန်ဖိုးသင့်ရာ စက်ပစ္စည်းတန်ဖိုးမှာ (၁၈၂၉၇၉၂၀/-)ဖြစ်ကြောင်း၊ တရားပြိုင်မှ ကုမ္ပဏီသို့ ပေးသွင်းရန်ရှိသည့် စက်ပစ္စည်း(၄)ရစ်စာ တန်ဖိုးငွေ(၂၂၉၃၃၆၁၀/-) တွင်ပြန်လည်အပ်နှံထားသည့် စက်ပစ္စည်းတန်ဖိုးသင့်ငွေ၏ ခြားနားချက်အရ တရားပြိုင်မှ ကုမ္ပဏီသို့ ထပ်မံပေးသွင်းရမည့်ငွေမှာ (၄၆၃၅၆၉၀/-)ဖြစ်ကြောင်း၊ တရားပြိုင်အနေဖြင့်လည်းစက်ပစ္စည်းဖိုးကွာဟငွေများကို (၂၉.၉.၂၀၁၈)ရက်နေ့တွင် ဝန်ခံကတိပြုခြင်းကတိ စာချုပ်ကိုလက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း၊ သို့ရာတွင် တရားပြိုင်သည် ကတိပြုထားသော နေ့ရက်တွင် စက်ပစ္စည်းဖိုးကွာဟငွေများကို လာရောက်ပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်နေသဖြင့်

ကုမ္ပဏီမှ တရားပြိုင်သို့ အကြိမ်ကြိမ်ဆက်သွယ်၍ စက်ပစ္စည်းဖိုးကွာဟ ငွေများပေးသွင်းရန် ပျက်ကွက်နေ၍ တရားစွဲဆိုရခြင်းဖြစ်ကြောင်း အဆိုပြုထားသည်။

တရားလို ဦးပြည့်စုံအောင် မှ ၎င်းသည် GBS ကုမ္ပဏီမှ ကိုယ်စားလှယ်စာရသူ တစ်ဦးဖြစ်ကြောင်း၊ GBS သည် လယ်ယာသုံးစက်ပစ္စည်း အမျိုးမျိုးနှင့် ဆက်စပ်အပိုပစ္စည်း များနှင့် မြေသြဇာများကို မြန်မာတစ်နိုင်ငံလုံးသို့ လက်လီ၊ လက္ကားစနစ်ဖြင့် လည်းကောင်း၊ လက်ငင်းစနစ်ဖြင့် လည်းကောင်း၊ အရစ်ကျအကြွေးစနစ်ဖြင့်လည်းကောင်း ဖြန့်ဖြူးရောင်းချ ပေးနေသော ကုမ္ပဏီကြီးတစ်ခုဖြစ်ကြောင်း၊ ၎င်းသည် ကုမ္ပဏီတွင် ၂၀၀၈ ခုနှစ်မှ စတင်ကာ ယခုအချိန်ထိ မန်နေဂျာ ရာထူးဖြင့် တာဝန်ယူလုပ်ကိုင်လျက်ရှိရာ စက်ပစ္စည်းများရောင်း ချခြင်း၊ ရှင်းပြခြင်း၊ စာချုပ်ချုပ်ဆိုပေးရခြင်းနှင့် တောင်သူများနှင့် ဆွေးနွေးပေးရခြင်း တို့လုပ်ဆောင်ကြောင်း၊ တရားပြိုင်ဦးမူတူးမှာ စွယ်ကန်တော့ကျေးရွာ၊ ခရမ်းမြို့နယ်တွင် နေထိုင်ပြီး ၎င်းသည် လယ်ယာသုံးစက်ပစ္စည်းဝယ်ယူလိုသဖြင့် ရန်ကုန် ရုံးချုပ်သို့လာရောက် စုံစမ်းပြီး လယ်ယာသုံး(၄)ဘီး ထွန်စက်အား အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့ကြောင်း၊ ၎င်း ဝယ်ယူခဲ့သည့် (၄)ဘီးထွန်စက်၏ တန်ဖိုးမှာ (၃၀၉၅၀၀၀၀/-)ကျပ် တန်ဖိုးဖြစ်ပြီး ဝယ်ယူစဉ် က ထွန်စက်တန်ဖိုး၏ ၂၀% ဖြစ်သည့် (၆၁၉၀၀၀၀/-)+ ဘဏ်ကျသင့်တိုးငွေ Service charges စုစုပေါင်း ကနဦးသွင်းငွေအဖြစ် (၁၀၈၃၂၅၀၀/-) ပေးသွင်းခဲ့ပြီး ကျန်ပေးသွင်း ရန်ရှိသော စက်ပစ္စည်းဖိုးငွေများကို (၆)လတစ်ကြိမ်ဖြင့် (၂)နှစ်ကြာပေးသွင်းရန်ဖြစ်ကြောင်း၊ တစ်ကြိမ်လျှင် (၆၁၉၀၀၀၀/-)ကျပ်ပေးသွင်းရန် ဖြစ်ရာ ပထမအရစ်ပေးသွင်းရမည့်အချိန်တွင် တရားပြိုင်မှ လာရောက်ပေးသွင်းခြင်းမရှိသဖြင့် ဦးမူတူးထံဆက်သွယ်ရာ စက်ပစ္စည်းအား ပြန်လည်အပ်နှံလိုကြောင်းပြောသည့်အတွက် ပြန်လက်ခံပေးခဲ့ရာ ထိုလယ်ထွန်စက်အား ဦးမူတူးမှ နာရီပေါင်း (၈၂၀) အသုံးပြုပြီးသည့်အတွက် စက်ပစ္စည်းတန်ဖိုးငွေများကို ပြန်လည် တွက်ချက်ရာ (၁၈၂၉၇၉၂၀/-)ဖြင့် တန်ဖိုးဖြတ်ပေးခဲ့ကြောင်း၊ (၇.၈.၂၀၁၈)နေ့တွင် ဦးမူတူးမှ စက်ပစ္စည်းအပ်နှံကြောင်းနှင့် စက်ပစ္စည်းဖိုးအရစ်ကျငွေများ မပေးသွင်းနိုင်သည်မှာ မှန်ကန်ပါ ကြောင်း စာချုပ်ချုပ်ဆိုပေးခဲ့ကြောင်း၊ ထိုစာချုပ်တွင် ကုမ္ပဏီကိုယ်စား ကိုဖြိုးကိုကိုဟန်နှင့် အသိသက်သေများအဖြစ် ဒေါ်အေးစန္ဒာနှင့် ဦးနေလင်းဦးတို့မှ လည်းကောင်း၊ ဝန်ခံကတိပြု သူနေရာတွင် ဦးမူတူးမှလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ စက်ပစ္စည်း ပြန်လည်အပ်နှံသည့်အတွက် (၁၇.၈.၂၀၁၈)နေ့တွင် စာရင်းညှိနှိုင်းရာ ကုမ္ပဏီမှ တာဝန်ရှိသူ ဦးမြတ်စိုးဦး၊ ဦးမူတူးနှင့်အတူ ဦးမျိုးဇော်တို့ လက်မှတ်ရေးထိုးရှင်းလင်းကြောင်း၊ ထို့နောက် (၂၉.၈.၂၀၁၈)နေ့တွင် ထိုစာရင်းရှင်းလင်းခဲ့သည့် စာရင်းရှင်းလင်းကွာဟငွေ (၄၆၃၅၆၉၀/- )အား (၂၉.၉.၂၀၁၈)နေ့တွင် ပြန်လည်ပေးဆပ်ပါမည်ဟု ဝန်ခံကတိပြုစာချုပ်ချုပ်ပေးခဲ့ရာ

ယင်းစာချုပ်တွင် ကုမ္ပဏီကိုယ်စား ဦးဖြိုးကိုကိုဟန်မှ လည်းကောင်း၊ အသိသက်သေနေရာတွင် ဒေါ်အေးစန္ဒာနှင့် ဦးနေလင်းဦးတို့မှ လည်းကောင်း ဝန်ခံကတိပြုသူနေရာတွင် ဦးမူတူးမှ လည်းကောင်း လက်မှတ်ရေးထိုးလက်ဗွေနှိပ် ပေးခဲ့ကြောင်း၊ စာချုပ်ချုပ်သည့်အခါတွင် ၎င်း အမြဲလိုက်ပါလေ့ရှိကြောင်း၊ ဦးမူတူးမှ ၎င်းကုမ္ပဏီမှ စက်ပစ္စည်းဝယ်ယူရာတွင် MCB (မြန်မာနိုင်ငံသားများဘဏ်လီမိတက်) မှ ချေးငွေယူကာ အငှားဝယ်စနစ်ဖြင့် ဝယ်ယူခဲ့ခြင်း ဖြစ်ကြောင်း၊ (၁၅.၁၁.၂၀၁၇)နေ့တွင် ဦးမူတူးမှ အငှားဝယ်စနစ်လျှောက်လွှာနှင့်အတူ MCB Bank နှင့် ချုပ်ဆိုသော အငှားဝယ်စနစ် စာချုပ်တွင် ၎င်းကိုယ်တိုင်လက်မှတ်ရေးထိုး၊ လက်ဗွေနှိပ်ပြီး MCB Bank မှ တာဝန်ရှိသူတစ်ဦးမှ လည်းကောင်း၊ ၎င်းတို့ ကုမ္ပဏီရှိဝန်ထမ်းများမှ လည်းကောင်း လက်မှတ်ရေးထိုးကာ အငှားဝယ်စနစ်ဖြင့် ချုပ်ဆိုခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုအငှားဝယ် စနစ်ဖြင့် ချုပ်ဆိုသော စာချုပ်နောက်တွင် ၎င်း၏မှတ်ပုံတင်မိတ္တူ၊ စွယ်ကန်တောကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၏ ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူနှင့် လယ်ယာမြေပုံစံ (၇)မိတ္တူများပါ ပူးတွဲပါရှိကြောင်း၊ (၂၉.၉.၂၀၁၈) နေ့တွင် စက်ပစ္စည်းဖိုးကွာဟငွေ (၄၆၃၅၆၉၀/-)ကျပ်ကို ပြန်လည်ပေးသွင်းပါမည်ဟု ဝန်ခံကတိပြုခဲ့သော်လည်း ၎င်းမှလာရောက်ပေးသွင်းခြင်း မရှိသည့်အတွက် ကုမ္ပဏီမှ ဒါရိုက်တာအကြီးအကဲများနှင့် ဝန်ထမ်းများအား ထိုကိစ္စအတွက် ပြုလုပ်ကာ ဦးမူတူးအား တရားစွဲဆိုရန် ဒါရိုက်တာများမှ ဆုံးဖြတ်ခဲ့ပြီး ကုမ္ပဏီကိုယ်စား တရားလိုပြုလုပ်တရားစွဲဆိုရန် ၎င်းအား (၅.၂.၂၀၁၉)နေ့တွင် ဆုံးဖြတ်ပြီး ကိုယ်စားလှယ်လွှဲအပ်ခဲ့ကြောင်း၊ ၎င်း GBS ကုမ္ပဏီမှတ်ပုံတင်လက်မှတ် မိတ္တူအား သက်သေခံ(က) အဖြစ်လည်းကောင်း၊ (၅.၂.၂၀၁၉) ရက်စွဲပါ GBS Letter Head ဖြင့် ဒါရိုက်တာများ၏ လက်မှတ်ပါ အစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်နှင့် ကိုယ်စားလှယ်လွှဲစာ မူရင်းတို့အား သက်သေခံ (ခ)နှင့် (ခ-၁)အဖြစ် တင်ပြခဲ့သည်။

ဦးမြတ်စိုးဦး (လိုပြ-၁)မှ ၎င်းသည် Operation Department, မှ Deputy General Manager ဖြစ်ပြီး တရားလို ဦးပြည့်စုံအောင် ထွက်ဆိုသကဲ့သို့ ထောက်ခံထွက်ဆိုပြီး (၁၇.၈.၂၀၁၈) နေ့တွင် ၎င်းနှင့်အတူဦးမျိုးဇော်၊ ဦးမူတူးတို့ စာရင်းရှင်းလင်းကြရာ စက်ပစ္စည်းကွာဟငွေ (၄၆)သိန်းကျော် ကျန်ရှိသော စာရင်းရှင်းလင်းပြီးယင်းစာရွက်မူရင်းအား သက်သေခံ(ဂ) အဖြစ်တင်ပြခဲ့သည်။

ကိုဖြိုးကိုကိုဟန် (လိုပြ-၂)မှ ၎င်းသည် ၂၀၁၁ ခုနှစ်မှ စ၍ GBS ကုမ္ပဏီတွင် Operation Department တွင် လက်ထောက်မန်နေဂျာရာထူးဖြင့် လုပ်ကိုင်လျက်ရှိကြောင်း

ဖြင့် တရားလိုဦးပြည့်စုံအောင်နှင့် ဦးမြတ်စိုးဦး (လိုပြ-၁) ထွက်ဆိုသကဲ့သို့ ထောက်ခံ ထွက်ဆိုပြီး (၇.၈.၂၀၁၈)ရက်နေ့တွင် ချုပ်ဆိုခဲ့သော ဝန်ခံကတိပြုစာချုပ်အား သက်သေခံ (ဃ) အဖြစ်လည်းကောင်း၊ (၂၉.၈.၂၀၁၈) ရက်နေ့တွင် ကုမ္ပဏီရှိဝန်ထမ်းများနှင့် ဦးမူတူးတို့ စက်ပစ္စည်းဖိုးကွာဟငွေများပြန်လည်ပေးသွင်းရန် ချုပ်ဆိုခဲ့သည့် ဝန်ခံကတိပြုစာချုပ်မူရင်းအား သက်သေခံ(င) အဖြစ်လည်းကောင်း တင်ပြခဲ့သည်။

ကိုနေလင်းဦး (လိုပြ-၃)မှ ၎င်းသည် ကုမ္ပဏီတွင် အကြွေးကောက်ခံသည့် ဝန်ထမ်းအနေဖြင့် လုပ်ကိုင်လျက်ရှိကြောင်း၊ တရားလိုနှင့် လိုပြသက်သေ (၁)၊ (၂) ထွက်ဆိုသကဲ့သို့ ထောက်ခံထွက်ဆိုခဲ့ပြီး သက်သေခံ (ဃ)နှင့် (င) စာချုပ်တို့တွင် သက်သေအစဉ်(၂) နေရာ၌ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထွက်ဆိုခဲ့သည်။

ဦးစိန်ဝင်း (လိုပြ-၄)မှာ မြန်မာနိုင်ငံသားများဘဏ်မှ မန်နေဂျာတစ်ဦးဖြစ်ကြောင်း၊ ဦးမူတူးမှ Good Brother ကုမ္ပဏီထံမှ စက်ပစ္စည်းတန်ဖိုးအား မတတ်နိုင်သည့်အတွက် ၎င်းတို့ MCB Bank ဖြင့် ချိတ်ဆက်ကာ ချေးငွေရယူပြီး အငှားဝယ် စနစ်ဖြင့် ထိုစက်ပစ္စည်းအားလက်ခံရယူခဲ့ကြောင်း ဦးမူတူးသည် ကနဦးသွင်းငွေအဖြစ် (၁၀၈၃၂၅၀၀၀/-)ကျပ်ကိုပေးသွင်းခဲ့ပြီး ကျန်ရှိသည့်စက်ပစ္စည်းဖိုးငွေများအား (၂)နှစ် (၄)ရစ်ဖြင့်ပေးသွင်းရန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ ပထမအရစ်ပေးသွင်းရမည့်အချိန်တွင် ပေးသွင်းခြင်းမရှိသည့် အတွက် ဦးမူတူးထံဆက်သွယ်ရာ ထိုစက်ပစ္စည်းများအား ပြန်လည်အပ်နှံလိုကြောင်းနှင့် ဘဏ်သို့ပေးသွင်းရမည့်ငွေများ မပေးသွင်းနိုင်သဖြင့် ကုမ္ပဏီမှ ဦးမူတူးအစား စက်ပစ္စည်းဝယ်ယူရန် ချေးငွေရယူခဲ့သော ငွေများကို MCB Bank သို့ ကိုယ်စားစိုက်ဆပ်ခဲ့ကြောင်း၊ ဦးမူတူး ပေးသွင်းရန် ကျန်ရှိသော စက်ပစ္စည်းဖိုး (၄)ရစ်စာ တန်ဖိုးငွေ (၂၂၉၃၃၆၁၀၀/-) ကျပ်ဖြစ်ပြီး ထိုအထဲမှ ၎င်းပြန်အပ်သည့် စက်ပစ္စည်းဖိုး တန်ဖိုးသင့်ငွေ (၁၈၂၉၇၉၂၀၀/-) ကျပ်ကို နှုတ်ပေးလိုက်ရာ ၎င်းကုမ္ပဏီသို့ ပေးသွင်းရန် နောက်ဆုံးကျန်ငွေမှာ (၄၆၃၅၆၉၀၀/-) ကျပ် ဖြစ်ပြီး ယင်းငွေအား ယခုအချိန်ထိ ဦးမူတူးမှ ပေးသွင်းခြင်း မရှိသည့်အတွက် ကုမ္ပဏီမှ တရားစွဲဆိုတောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း၊ (၁၅.၁၁.၂၀၁၇)ရက်စွဲဖြင့် အငှားဝယ်စနစ်စာချုပ်တွင် အငှားဝယ်စနစ်ဖြင့် ဝယ်ယူသူ ဦးမူတူး ဘဏ်မှချေးငွေ တာဝန်ခံဖြစ်သူ ၎င်းနှင့် ကုမ္ပဏီမှ သက်သေများအဖြစ် မခိုင်ဇာလွင်၊ ဦးဇေယျာမျိုးတို့နှင့် အတူချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး စာချုပ် မူရင်းမှာ MCB Bank ရုံးချုပ်တွင် ရှိကြောင်းထွက်ဆိုခဲ့သည်။

တရားလိုပြသက်သေများ၏ ထွက်ဆိုအစစ်ခံချက်များအရ တရားပြိုင်ဦးမူတူးသည် (၁၅.၁၁.၂၀၁၇)ရက်နေ့တွင် Good Brothers' Co.,Ltd မှ လေးဘီးထွန်စက်အား

မြန်မာနိုင်ငံသားများဘဏ်နှင့် ချိတ်ကာ အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့ပြီး ပထမအရစ် ပေးသွင်းရမည့်အချိန်တွင် လာရောက်ပေးသွင်းခြင်းမရှိ၍ ဆက်သွယ်ရာမှ တရားပြိုင်မှ စက်ပစ္စည်းအား ကုမ္ပဏီသို့ ပြန်လည်အပ်နှံခဲ့သဖြင့် တရားပြိုင်ဦးမူတူးနှင့် Good Brothers' Co.,Ltd မှ Deputy General Manager ဖြစ်သူ ဦးမြတ်စိုးဦး (လိုပြ-၁)နှင့် ဦးမျိုးဇော်တို့ သက်သေခံ(ဂ)အရ ပြန်အပ်နှံစဉ် အသုံးပြုပြီး စက်ပစ္စည်းတန်ဖိုးမှာ (၁၈၂၉၇၉၂၀/-)ဖြစ်ကြောင်း တွေ့ရှိရသည်။ သက်သေခံ(ဃ) (၇.၈.၂၀၁၈)ရက်စွဲပါ ဝန်ခံကတိပြုချက်စာချုပ်အရ တရားပြိုင်မှ စက်ပစ္စည်းအား (၆)လအသုံးပြုခဲ့ပြီး ပြန်လည်အပ်နှံရာတွင် စာရင်းရှင်းသည့်အခါ စက်ပစ္စည်းဖိုးငွေထက်ပိုပါက ကုမ္ပဏီမှ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်းနှင့် လိုအပ်နေပါက တရားပြိုင်မှ ကုမ္ပဏီသို့ ထပ်မံပေးသွင်းမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုး၊ လက်ဗွေနှိပ်ကာ ကတိပြုခဲ့ကြောင်းလည်း တွေ့ရှိရသည်။

ထို့ပြင်တရားလိုဦးမူတူးမှ (၂၉.၈.၂၀၁၈)ရက်နေ့တွင် သက်သေခံ(င) ဝန်ခံကတိပြုခြင်းကတိစာချုပ်အား လက်မှတ်ရေးထိုးလက်ဗွေနှိပ်ကာ စက်ပစ္စည်းဖိုးကွာဟငွေ (၄၆၃၅၆၉၀/-)ကျပ်အား (၂၉.၉.၂၀၁၈)ရက်နေ့တွင် ကုမ္ပဏီသို့ မပျက်မကွက်ပေးသွင်းမည်ဖြစ်ကြောင်း ဝန်ခံကတိထားသည်ကိုလည်းတွေ့ရှိရသဖြင့် တရားပြိုင်အနေဖြင့် တရားလိုအဆိုပြုထားသည့် ငွေကျပ်(၄၆၃၅၆၉၀/-)အား ပေးဆပ်ရန်ရှိကြောင်းပေါ်ပေါက်သည်။

ထို့ကြောင့် တရားပြိုင် ဦးမူတူးသည် တရားလို Good Brothers' Co.,Ltd (ကုမ္ပဏီ၏ကိုယ်စားလှယ်စာရသူ ဦးပြည့်စုံဦး) ထံသို့ စက်ပစ္စည်းဖိုးကွာဟငွေ (၄၆၃၅၆၉၀/-) ကျပ် (လေးဆယ့်ခြောက်သိန်း သုံးသောင်း ငါးထောင်ခြောက်ရာ့ကိုးဆယ်ကျပ်)တိတိအား စရိတ်နှင့်တကွ ပြန်လည်ပေးဆပ်စေရန် အနိုင်ဒီကရီချမှတ်ပေးလိုက်သည်။

ရှေ့နေခ ၃၀၀၀/- သတ်မှတ်သည်။

(ဆုနှင်းမြတ်)
တွဲဖက်ခရိုင်တရားသူကြီး ( ၂ )
လှိုင်ခရိုင်တရားရုံး